# ဆောက်သ်ဝခ်မူလတန်းကျောင်း

ကျောင်းအုပ်၊ Ms. Valeria Brown မတ်လ သတင်း , 2016

ခေါင်းစဉ်(1) စီမံခန့်ခွဲရေးတာဝန်ခံလက်ထောက်: Steve Snodgrass

**ဦးတည်ချက်၊** အတူတကွ၊ မိသားစုများ၊ ကျောင်းသားများ၊ လူထုအဖွဲ့ဝင်များနှင့်၊ ဆောက်သ်ဝခ်ဝန်ထမ်းတို့မှ၊ သင်ကြားခြင်းနှင့်၊ ကွဲပြားသောယဉ်ကျေးမှုများကို ဆင်နွှဲခြင်း၊ ညွှန်ကြားမှုများ ကိုခွဲခြားခြင်း၊ မြင့်မားသော ရည်မှန်းချက်များဖြင့် ဆက်သွယ်ခြင်းနှင့်၊ စစ်မှန်သော သင်ယူမှုအတွေ့အကြုံများကို၊ ပံ့ပိုးထောက်မခြင်းမှတဆင့်၊ ဘဝတလျှောက်လုံး အောင်မြင်ရေးအတွက်၊ စေ့ဆော်ပေးပါသည်။

**အမြင်သဘောထား၊** ဆောက်သ်ဝခ်အသိုင်းအဝိုင်းမှ၊ ကွဲပြားခြားနားမှုကို လက်ခံခြင်း၊ လေ့လာသင်ယူမှုကို ချစ်မြတ်နိုးရန် ဖန်တီးပေးခြင်းနှင့်၊ မြင့်မားသော ရည်မှန်းချက်များအား တန်ဖိုးထားကြသည်။

**ကျောင်းနယ်တစ်ဝှမ်းလုံး မျှော်မှန်းချက်များ၊** ခရိုင်ထဲမှ အကောင်းဆုံး ပြုစုပျိုးထောင်ကြရန်၊ တာဝန်ကျေပွန်ကြရန်၊ ကြည်ညိုလေးစားကြရန်။

**Website**: www.eacs.k12.in.us

## အဖွဲ့လိုက်လုပ်ဆောင်ရန် ပြင်ဆင်သတ်မှတ်ခြင်း

မိမိကလေးကို ပို၍တာဝန်ယူတတ်သောသူ၊ ကြိုးစားသောသူနှင့် ဖွဲ့ရှိသူဖြစ်စေချင်ပါသလား? အောက်တွင် သင့်ကလေးငယ်များကို ကူညီရန် အရေးကြီးသော အစဥ်အလာများ တည်ဆောက်ရာတွင် မိသားစုအလိုက် ဆောင်ရွက်နိုင်သည့် အကြံပြုချက်များဖြစ်သည်။

**အဖွဲ့လိုက်ချည်းကပ်မှု** - သူ/သူမကို အဖွဲ့ဝင်တစ်ဦးအဖြစ် ထင်မှတ်စေခြင်းဖြင့် မိမိကလေးအားပို၍ တာဝန်ယူတတ်လာမည်။ သင့်မိသားစုသည် အဖွဲ့တစ်ခုအဖြစ်ဆောင်ရွက်သည်ကိုရှင်းပြပါ။ အရာများပြီးမြောက်စေရန် လူတိုင်းပူးပေါင်းပါဝင်ရမည်။ *ဥပမာ*-သူ/သူမ ၏ အဝတ်အထည်များ/ အားကစားပစ္စည်းများအတွက် ဈေးထွက်ဝယ်သည့်အခါသူအားခေါ်ဆောင်သွားခြင်း။

**အလုပ်ကြိုးစားသူများ အလိုရှိသည်** - မိမိကလေးငယ်များတို့မှ နေ့စဉ်အိမ်အလုပ်အသေးအမွှားလေးများရှိကောင်းရှိလိမ့်မည်။ မိမိတို့ကို ပို၍အလုပ်ကြိုးစားရန် ရေခဲသေတ္တာပေါ်တွင်ကြော်ငြာစာဖြစ်သည့် "အလိုရှိသည်" ဟုကပ်ထားပြီး အားပေးတိုက်တွန်းနိုင်သည်။ ခက်ခဲသောအလုပ်ကို ရွေးချယ်ပြီး အကျိုးခံစားခွင့်ကမ်းလှမ်းပါ။ ဥပမာ-"အလိုရှိသည်" အလုပ်ကြိုးစားသောမိသားစုဝင်မှ မြေတိုက်ခန်းထောင့်ကိုသန့်ရှင်းပေးရန်။ ဆုလဒ် - မိမိကလေးနှင့် သူငယ်ချင်းများကစားရန် နေရာရရှိလိမ့်မည်။

**အဆက်မပြတ် လုပ်ဆောင်ပါ** - သေးငယ်သောဦးတည်ချက်များသို့ရောက်အောင်ဆောင်ရွက်ခြင်းသည် ကြီးမားသောလုပ်ငန်းများ ပြီးမြောက်အောင်မြင်ရန် ပို၍လွယ်ကူစေသည်။ သင့်မိသားစုဧည့်ခန်းကို ဆေးရောင်အသစ်ပြန်သုတ်ရန်လိုအပ်ကောင်းလိုအပ်လိမ့်မည်။ လုပ်ဆောင်မှုအဆင့်များရေးချပါ (အိမ်ထောင်ပရိဘောဂများရွှေ့ပြီး အထည်ခင်းရမည်- နံရံကြို့တင်ပြင်ဆင်ခြင်း-နံရံပေါ်ဆေးသုတ်လိမ်းခြင်း-ဆေးရောင်ဖြတ်ထုတ်ခြင်း)။ သင့်ကလေးကို လုပ်ဆောင်ချက်တစ်ခုပြီးတိုင်း ပျော်ရွှင်စွာ အနားယူမည် (အားကစားကွင်းသို့သွားမည်-စက်ဘီးစီးမည်) ဟုပြောပါ။





## ဘာများဖြစ်နေပါသလဲ။

**မတ်လ**

4 သောကြာ — Philharmonic 9-10း20 အားကစားခန်းမဆောင်

10 ကြာသပတေး — သူငယ်တန်းကျောင်းအပ်သည့်နေ့ 8း30-2း30 အထိ

စာဖတ်ခြင်းအစီအစဉ် (စာကြည့်တိုက်) 3း00-4း00

17 ကြာသပတေး — စာဖတ်ခြင်းအစီအစဉ် (စာကြည့်တိုက်) 3း00-4း00

24 ကြာသပတေး — စာဖတ်ခြင်းအစီအစဉ် (စာကြည့်တိုက်) 3း00-4း00

25 သောကြာ — **ကျောင်းပိတ်သည် - GOOD FRIDAY**

**ဧပြီ 1 ရက် (သောကြာ) နွေဦးရာသီစတော့မည်။ ဧပြီ (11) ရက် တနင်္လာနေ့တွင် ကျောင်းသားများ ကျောင်းပြန်လာတက်ကြမည်။**




## ကျောင်းခေါ်ကိန်း

ကျွန်ုပ်တို့ကျောင်းတစ်ခုလုံး ဖွံ့ဖြိုးရေးစီမံကိန်းတစ်စိတ်တစ်ပိုင်းမှာ၊ နှစ်ဆုံး၌ကျောင်းခေါ်ချိန် 99% ရရှိရန်ဖြစ်သည်။ အတန်းတစ်ခုစီတိုင်း ကျောင်းခေါ်ချိန်နှုန်းများကို အောက်တွင် ဖေါ်ပြထားပါသည်။

**2/29 တွင်၊ လက်ရှိ ကျောင်းခေါ်ချိန်နှုန်းမှာ-**

မူကြို - မနက်ပိုင်း 96.1%, ညနေပိုင်း 95.9%

သူငယ်တန်း 97.6%

1 တန်း 96.3%

2 တန်း 96.7%

စုစုပေါင်း - 97.0%




**ပုံမှန်ကျောင်းခေါ်ချိန်ကို မူလတန်းကျောင်းတွင် မိမိကလေး ပညာရေးအသက်မွေးဝမ်းကြောင်းတစ်ခုလုံးအတွက်၊ ကောင်းသောအစဉ်အလာကို၊ တည်ဆောက်ထားပါသည်။ ဖျားနာခြင်းနှင့် မိသားစုအရေးပေါ်ကိစ္စများအနည်းဆုံးဖြစ်နိုင်အောင်ပြုလုပ်ခြင်းဖြင့်၊ မိမိကလေးကို ကျောင်းတက်ခြင်းတွင် ဦးစားပေးမှုထိပ်တန်း၌ ရှိရန် ပြသပေးပါ။ ထို့အတူ၊ ချိန်းဆိုချက်များကို ကျောင်းဆင်းပြီးမှ၊ သို့မဟုတ်ကျောင်းပိတ်ရက်များတွင်၊ ရယူကြပါ။**

## FELLOWSHIP MISSIONARY CHURCH

**ကလေးအဝတ်အထည်များ ပြန်လည်ရောင်းချပေးနေပါသည်။**

**ဈေးနှုန်း အလွန်သက်သာပါသည်။**

2536 E. Tillman Road စနေနေ့ - မတ်လ 12 ရက် - မနက် (8:00-12:00)



## အောက်ဆင်းချိန် (နားချိန်)

ဟူး.....နောက်ဆုံးတော့ ဆောင်းရာသီ ရောက်လာခဲ့ပြီး။ ကျေးဇူးပြု၍ မိမိကလေးကျောင်းလာသည့်အခါ နွေးနွေးထွေးထွေးဖြစ်စေရန် ဆောင်းရာသီအနွေးထည်များ၊ ခေါင်းစွပ်များ၊ လက်အိတ်များနှင့် အစရှိသဖြင့် ဝတ်လာရန် သတိပြုပါ။ အကယ်၍ ၎င်းအရာများအတွက် ကူညီမှု လိုအပ်လျှင်၊ ကျောင်းသို့ဖုန်းခေါ်ရန် အချိန်မစောင့်ပါနှင့်။

ကျန်းမာကြံ့ခိုင်ရန် ကျောင်းသားတို့သည် ပြေးလွှားဆော့ကစားရန် လိုအပ်သည့်အတွက်၊ ဆောင်းရာသီလ ဖြစ်သော်လည်း၊ အပြင်ဖက်အောက်ဆင်းချိန် အခွင့်ထူးကိုရယူမည်ဖြစ်သည်။ အပူချိန် (10 ဒီဂရီ) သို့မဟုတ် ၎င်းအောက်ကျဆင်းနေသည့်အခါမှအပ၊ အပြင်ဖက်ကျောင်းဆင်းချိန်တွင် ကျောင်းသားများ ကျောင်းပြင်ပ၌ ကစားကြလိမ့်မည်။ ထိုအချိန်များ၌ ဆရာဝန်ထောက်ခံစာ ရရှိသော ကျောင်းသားများသာလျှင် ကျောင်းထဲ၌ နေခဲ့နိုင်သည်။



## ****သင့်ပြက္ခဒိန်ထဲ၌ မှတ်သားထားပါ****

## မူကြိုကလေးနှင့် သူငယ်တန်းများ ကျောင်းအပ်ခြင်း

ကြာသပတေးနေ့- (**မတ်လ 10, 2016 မနက် 8း30-2း30** အထိ)

(ပထမဆုံးရက်မှ ကျောင်းပိတ်သည်အထိ စာရင်းသွင်းနိုင်သည်)

မူကြိုကလေးများသည် **ဩဂုတ်လ 1 ရက်တွင် အသက် 4 နှစ်ပြည့်ရမည်။**

သူငယ်တန်းကလေးများသည် **ဩဂုတ်လ 1 ရက်၌ အသက် 5 နှစ်ပြည့်ရမည်။**

စာရင်းသွင်းရန် ယူဆောင်ရမည့်အရာများအတွက် စာရွက်နောက်ကျောဖက်သို့ကြည့်ပါ။